United States Department of State

*Washington, D.C. 20520*

On behalf of the Department of State, I am pleased to welcome you and your family to the United States and hope that your expectations for your new life will be realized.

As you may be aware, the funds to cover the cost of your transportation were provided to the International Organization for Migration (IOM) by the Department of State's Bureau for Refugee Programs. The Promissory Note that you signed prior to departure confirmed your agreement to make regular monthly payments to your sponsoring agency - the United States Catholic Conference (USCC). These payments will be used to reimburse the United States Government for the funds it provided to IOM for your transportation. The accompanying Travel Loan Information Kit was prepared by USCC to explain the loan program and to describe the procedures for making your regular monthly payments. Please review this information very carefully and ask your resettlement agency to explain any parts of the kit that you do not fully understand.

In this time of great demand on U.S. Government resources to meet increased needs of refugees both overseas and within the United States, I urge you to undertake as soon as possible the repayment of your loan. Your prompt action in meeting your financial obligation by making regular payments to USCC will enable the Government to continue its financial assistance for the admission of refugees.

We firmly believe that an effort by all refugees to meet their legal obligation to repay their IOM transportation loan will ensure that other deserving refugees throughout the world will be provided an opportunity, as you have been, to work for a fuller and more enjoyable life. Won't you join us in this effort and do your part by repaying your loan? Please follow the instructions in the kit and submit your payments to USCC in accordance with your promise.

Sincerely,

Norman W. Runkles
Comptroller
Bureau for Refugee Programs

အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန
ဝါရှင်တန်၊ ဒီစီ ၂၀၅၂၀

အမေရိကန် ပြည်ထောင်စုသို့ ရောက်လာကြသည့် သင်နှင့် သင်မိသားစုတို့ကို ကျွန်ုပ်က နိုင်ငံခြားရေး ဝန်ကြီးဌာနကိုယ်စား ဝမ်းမြောက်စွာ ကြိုဆိုပါသည်။ သင့်ဘဝသစ် ပြည်ထောင်ရေး အတွက် ရည်မှန်းချက်များလည်း ပြည့်ဝပါစေဟု မျှော်လင့်ပါသည်။ သင်သိပြီးသည့် ဖြစ်သည့်အတိုင်း သင့်ပို့ဆောင်ရေးစရိတ် ကုန်ကျငွေများကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဒုက္ခသည် ကယ်ဆယ်ရေးရာ ဗျူရိုက ပြောင်းရွှေ့နေထိုင်မှုဆိုင်ရာ နိုင်ငံတကာ အဖွဲ့ (အိုင်အိုအမ်)သို့ ထုတ်ပေးထားခြင်း ဖြစ်ပါသည်။ သင်မထွက်ခွာမီ သင့်ကိစ္စတွင် ကာမကထပြုပေးခဲ့သော အမေရိကန် ပြည်ထောင်စု ကာတိုလိတ်ကွန်ဖရင့်စ် (ယူအက်စ်စီစီ) ကို လစဉ်ပုံမှန် ငွေပေးသွင်းရန် ကတိစာချုပ်ကို လက်မှတ်ရေးထိုးပေးခြင်းအားဖြင့် သင် သဘောတူညီကြောင်း အတည်ပြုခဲ့ပြီး ဖြစ်ပေသည်။ ဤပေးသွင်းငွေများကို သင့်အတွက် အမေရိကန် အစိုးရက အိုင်အိုအမ် အားစိုက်ထုတ်ပေးခဲ့သော ပို့ဆောင်ရေး စရိတ်စကများ ပြန်လည်ပေးစေရန် ဖြည့်တင်း ရာ၌ သုံးမည်ဖြစ်ပါသည်။ ပူးတွဲပါ ခရီးအတွက် ချေးငွေဆိုင်ရာ သိကောင်းစရာ သတင်းစုံစာစောင်ကို ယူအက်စ်စီစီ အဖွဲ့အစည်းက သင်း ချေးငွေ အစီအစဉ်ကို ရှင်းပြရန်နှင့် လစဉ်ပုံမှန်ငွေပေးသွင်း ပုံစံများကို ဖော်ပြရန် ပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ယင်းအချက်အလက်များကို အထူးသေချာစွာ လေ့လာပြီး ယင်းစာစောင်၌ သင်သဘောမပေါက်သောအချက်များရှိပါက သက်ဆိုင်ရာ ပြန်လည် နေရာချထားရေး ကိုယ်စားလှယ်ကို မေးမြန်းပါ။

ဒုက္ခသည်များ၏ ပိုမိုလာသော လိုအပ်ချက်များကို အမေရိကန်အစိုးရက ဖြည့်ဆည်းပေးရန် တောင်းဆိုချက်များ ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း အဘူးပမာဏ ကြီးမားနေသည့် ဤအချိန်တွင် သင့်ချေးငွေကို တတ်နိုင်သ၍ အမြန်ဆုံးဆပ်ရန် သင့်ကို ကျွန်ုပ်က တိုက်တွန်းလိုက် ပါသည်။ သင့်တွင်ရှိသော ငွေရေးကြေးရေးတာဝန်များကို အချိန်မလင့်စေဘဲ ကျေပွန်စေရန် ယူအက်စ်စီစီ သို့ ပုံမှန်ငွေပေးသွင်းခြင်းအားဖြင့် ဒုက္ခသည်များ လက်ခံရေးလုပ်ငန်းကို အစိုးရက ဆက်လက် ငွေကြေး ထောက်ပံ့သွား နိုင်စေပါမည်။

ဒုက္ခသည် အားလုံးက အိုင်အိုအမ်မှ ချေးယူထားသော ပို့ဆောင်ရေး စရိတ်ပေးဆပ်ရန် မိမိတို့တွင် တရားဥပဒေအရ ကျရောက်နေသော တာဝန်ကိုကျေပွန်စေခြင်းဖြင့် မိမိတို့ကဲ့သို့ ပိုမိုပြည့်စုံ သာယာဖွယ် ဘဝဖန်တီးနိုင်ခွင့်ရထိုက်သော ကမ္ဘာတစ်ဝန်းလုံးရှိ အခြားသော ဒုက္ခသည်များ အတွက် လည်း အခါအခွင့်ဖန်တီးပေးရာ ရောက်မည်ဟု ကျွန်ုပ်တို့က ခိုင်မာစွာ ယုံကြည်ပါသည်။ သင်သည် ဤကြိုးပမ်းမှုတွင် ကျွန်ုပ်တို့နှင့် လက်တွဲ၍ သင့်ချေးငွေကို ပြေလည်အောင်ပေးဆပ်ခြင်းဖြင့် ကျရာကဏ္ဍမှ ပါဝင် မည် မဟုတ်ပါလား ခင်ဗျား။ သတင်းစုံစာစောင်တွင် ပါရှိသော ညွှန်ကြားချက်များကို လိုက်နာကာ ယူအက်စ်စီစီသို့ ပေးသွင်းရန် ရှိသည့်ငွေကို သင်ကတိထားရှိခဲ့သည့်အတိုင်း ကျေးဇူးပြု၍ ပေးသွင်းကြပါ။

ရိုးသားစွာဖြင့်လေးစားလျက်
ဒုက္ခသည်ကယ်ဆယ်ရေးရာဗျူရို ရှိ
ညွှန်ကြားရေးမှူး

Burmese / မြန်မာ